# Yoma Bulletin

# ရိုးမ သတင်းစဉ်


## Group Bi-weekly highlights

As of Thursday, 10th Sept 2020, 8.30am (YGN), Yoma Covid-19 Emergency level is: Amber.
စက်တင်ဘာလ ၁၀ ရက်နေ့မှစ၍ Covid-19 အရေးပေါ်အခြေအနေကို ပယင်းရောင်အဖြစ် ပြောင်းလဲသတ်မှတ်။

## Amber: 50% Work From Home

The **Covid Command Center** has escalated the Yoma Covid-19 emergency level from Yellow to Amber due to the rise of the daily Covid-19 cases in Myanmar. Yoma Group will be implementing and enforcing a 50% Work from Home (WFH) measure. In addition, mask wearing will be mandatory in all work places and we strongly recommend all employees to wear masks outside of the office as well.

For more details on Yoma Covid-19 policies, click here.




## ပယင်းရောင် - ဝန်ထမ်း ၅၀% နေအိမ်မှနေ၍ အလုပ်လုပ်ရန်

မြန်မာနိုင်ငံတွင် Covid-19 ရောဂါဖြစ်ပွားမှုနှုန်း နေ့စဉ်တိုးပွားလာသည့်အတွက် အရေးပေါ်အခြေအနေကို အဝါရောင်မှ ပယင်းရောင်အဖြစ်သို့ CCC မှ အဆင့်တိုး သတ်မှတ်လိုက်ပါသည်။ Yoma Group မှ ဝန်ထမ်း ၅၀% ကို နေအိမ်မှနေ၍ အလုပ်လုပ်စေမှာ ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းခွင်နေရာတိုင်းတွင် မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရန်နှင့် ရုံးပြင်ပတွင်လည်း နှာခေါင်းစည်းတပ်ဆင်ရန် ဝန်ထမ်းများအား နှိုးဆော်လိုပါသည်။

Covid-19 နှင့် ပတ်သက်သည့် မူဝါဒများကို ဖတ်ရှုလိုပါက ဤလင့်ခ်သို့ ဝင်ရောက်ရန်။

## How to Effectively WFH

In light of the current developments on Covid-19, many of you will begin working from home (WFH). Understandably, this would require you to readapt and we would like to share some tips on how to effectively WFH - The Yoma Way.



**A good set up is key:** Create a dedicated "work-space" at home, and communicate with your family members on how they can help create a distraction-free, conducive environment.



**Have good time-management:** Be ready for work during specified hours and keep a strict schedule at home. Set expectations on what to do, and when to do it – and most importantly, know when it's time to switch off!



**Stay connected to your team:** Communication is key – make sure you are connected to your team, and touch base daily. Ask for help when needed, and keep yourself available for video conferences, telephone calls and respond to emails in a timely manner.



**Stay healthy:** Stay hydrated with fluids throughout the day. Incorporate exercise into your daily routine and stay fit and healthy.



**Practice video conferencing etiquette:** Stick to the agenda and come prepared with reference materials for all your calls. Place your microphone on mute and avoid calling from a noisy location.

## နေအိမ်မှနေ၍ ထိရောက်စွာအလုပ်လုပ်နည်း

လတ်တလော Covid-19 အခြေအနေကြောင့် ဝန်ထမ်းအများစုမှာ နေအိမ်မှနေ၍ အလုပ်လုပ်နေကြပြီဖြစ်ပါသည်။ ထိုသို့ နေအိမ်မှာ ရုံးအလုပ်ပြန်လုပ်ခြင်းအတွက် ပြန်ကျင့်သားရရန် လိုအပ်သည့်အတွက် Yoma Way အရ WFH ကို ဘယ်လိုထိရောက်စွာ ဆောင်ရွက်နိုင်မလဲ ဆိုတာကို မျှဝေပေးလိုက်ပါသည်။

- အလုပ်လုပ်မည့်နေရာသည် အဓိကကျခြင်း - နေအိမ်တွင် ရုံးအလုပ်လုပ်ရန် သီးခြားနေရာထားရှိပြီး နှောက်ယှက်မှုကင်းစေရန် မိသားစုဝင်များကို အကြောင်းကြားထားပါ။
- အချိန်ကို စီမံခန့်ခွဲတတ်ခြင်း - ရုံးချိန်အတိုင်း နေအိမ်တွင် အလုပ်လုပ်နိုင်ရန် အချိန်ကို သေချာသတ်မှတ်ထားပါ။ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများအတွက် အချိန်ကို သတ်မှတ်ထားရှိပြီး အလုပ်နားချိန်ရောက်လျှင် အလုပ်လုပ်ခြင်းမှ ရပ်နားပါ။
- မိမိအဖွဲ့သားများနှင့် အမြဲချိတ်ဆက်မှုရှိခြင်း - အချင်းချင်း ဆက်သွယ်ပြောဆိုနေခြင်းသည် အရေးကြီးသည့်အတွက် နေ့စဉ် မိမိအဖွဲ့သားများနှင့် ချိတ်ဆက်ပြောဆိုပါ။ အကူအညီလိုပါက အဖွဲ့သားများထံမှရယူပြီး ဗီဒီယိုကွန်ဖရင့်များနှင့် ဖုန်းပြောဆိုခြင်းများအတွက် အသင့်ဖြစ်နေရန်လိုအပ်ပြီး အီးမေးလ်များကိုလည်း ဖြေကြားပေးရပါမည်။
- ကျန်းမာစွာနေထိုင်ခြင်း - တစ်နေ့တာလုံး ရေကိုလုံလောက်စွာ သောက်သုံးပါ။ ကိုယ်လက်လှုပ်ရှား အားကစားများကို နေ့စဉ်ပြုလုပ်ပြီး ကျန်းမာစွာနေထိုင်ပါ။
- ဗီဒီယိုကွန်ဖရင့်ပြုလုပ်ရာတွင် စည်းကမ်းများလိုက်နာခြင်း - ဆွေးနွေးရမည့်အကြောင်းအရာများကိုသာ ပြောကြားပြီး လိုအပ်သည့် စာရွက်စာတမ်းများ၊ အချက်အလက်များကို ကြိုတင်ပြင်ဆင်ထားပါ။ မိမိ၏ မိုက်ခရိုဖုန်းကိုပိတ်ထားပြီး ဆူညံသောနေရာများတွင် ခေါ်ဆိုခြင်းမှရှောင်ကြဉ်ပါ။

WFH WORK FROM HOME THE YOMA WAY

HR ANNOUNCEMENTS

# Be Responsible, Protect Yourself and Your Loved Ones

If you experience any Covid-19 symptoms, please call TeleHealth to schedule a consultation for a diagnosis as well as recovery advice.

If you suspect that you were in contact with a Covid-19 case, please email AskHR. A system for contact tracing has been implemented to ensure your safety. For any questions, please email AskHR.

## တာဝန်ယူသိတတ်ပါ - မိမိနှင့် ချစ်ရသူများကို ကာကွယ်နိုင်ရန် ကျန်းမာဘေးကင်းသည့် လုပ်ငန်းခွင်တစ်ခုကို ထိန်းသိမ်းခြင်း

Covid-19 ရောဂါလက္ခဏာများကို ခံစားရပါက TeleHealth ထံဆက်သွယ်ပြီး ဆေးကုသမှုအတွက် တိုင်ပင်ဆွေးနွေးရန် ချိန်းဆိုပါ။

Covid-19 ရောဂါရှိသူနှင့် ထိတွေ့မိသည့်ဟု သံသယရှိပါက AskHR ထံ အီးမေးလ်ပို့ပါ။ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ထိတွေ့မှုစုံစမ်းစစ်ဆေးရေးများကို စနစ်တကျ ပြုလုပ်သွားပါမည်။

အခြား မေးမြန်းလိုသည်များရှိပါက AskHR ထံ အီးမေးလ်ပေးပို့နိုင်ပါသည်။




## Covid FAQs new*

"I am a manager, and my employee is sick. What should I do?", "I have been sent for a Covid-19 test, who should I tell?", "If I have Covid-19, will the medical cost be covered?"

Do you have any questions about Covid-19? Find your answers here on our newly launched Covid-19 FAQs on Yoma Connect.

## Covid ဆိုင်ရာ အမေးအဖြေ

"မန်နေဂျာတစ်ယောက်အနေနဲ့ မိမိဝန်ထမ်းနေမကောင်းဖြစ်ပါက ဘယ်လိုလုပ်ရမလဲ?" "Covid-19 ဓာတ်ခွဲစစ်ဆေးမှု ခံရတော့မယ်ဆိုရင် ဘယ်သူ့ကို အကြောင်းကြားရမလဲ?" "မိမိမှာ Covid-19 ရှိတယ်ဆိုရင် ရောဂါကုသမှုအတွက်စရိတ်ကို ကုမ္ပဏီမှ ကျခံပေးမှာလား?"

Covid-19 နှင့် ပတ်သက်သည့် မေးခွန်းများ၏ အဖြေများကို Yoma Connect တွင် အသစ်ထပ်ဖြည့်ထားသည့် Covid-19 FAQs တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### YOMA RECRUITMENT

Here are some "Hot Roles" at Yoma this week:
ယခုအပတ်တွင် ရိုးမမှ ခေါ်ယူနေသည့် အလုပ်အကိုင်ရာထူးများမှာ -

1. Campus Manager / Office Manager
2. Content / Community Manager
3. Head of Credit Collections (Yoma Fleet)
4. Risk Specialist (Yoma Fleet)
5. Assistant HR Manager (Yoma Land)
6. Customer Service Assistant (KOSPA)
7. Community Engagement Officer (Micro Power)

*Take charge of your career. For more internal job vacancies, click here.*

## One Click to TeleHealth new*

Simply log onto Yoma Connect and click on the red button to call TeleHealth if you experience any Covid-19 symptoms. This is a free service for all Yoma employees. Your health and safety remain our utmost priority.

## TeleHealth ကို ခေါ်ဆိုရန် ခလုတ်တစ်ခုသာ နှိပ်ရန်လို

Covid-19 ဆိုင်ရာ လက္ခဏာများ ရှိပါက Yoma Connect သို့ ဝင်ရောက်ပြီး TeleHealth အနီရောင် ခလုတ်ကိုနှိပ်လိုက်ရုံဖြင့် TeleHealth ထံ ဖုန်းခေါ်ဆို နိုင်ပြီဖြစ်ပါသည်။

ရိုးမဝန်ထမ်းများအားလုံးအတွက် အခမဲ့ ဝန်ဆောင်မှု စီစဉ်ထားရှိခြင်းဖြစ်ပြီး ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့အတွက် အရေးကြီးဆုံးဖြစ်ပါသည်။



PEOPLE2020

# Yoma Employee Perks & Discounts

Enjoy 15% discounts at our F&B outlets, get online certifications reimbursed, finance your first home with special rates and more... Do you know all about these discounts? Click here for an updated summary on all Yoma Employee Perks. *(As of 15 September 2020)* Email Theodore to find out more.

ကျွန်ုပ်တို့၏ F&B ဆိုင်တွေမှာ ၁၅% ရနိုင်ခြင်း၊ အွန်လိုင်းမှ သင်တန်းတက်ရောက်မှုများအတွက် သင်တန်းခ ပြန်တောင်းခံနိုင်ခြင်း၊ မိမိအတွက် ပထမဆုံး အိမ်ခန်းကို အထူးအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းနှင့် အခြား ခံစားခွင့်ပေါင်းများစွာ ...
သင်တို့အားလုံး ဒီအထူးခံစားခွင့်၊ လျှော့ဈေးတွေကို သိကြရဲ့လား။ ရိုးမဝန်ထမ်းများအတွက် စီစဉ်ထားရှိသည့် နောက်ဆုံးရ အကျိုးခံစားခွင့်အနှစ်ချုပ်ကို ဤလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ *(၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အရ)* အသေးစိတ်သိရှိလိုပါက Theodore ထံ အီးမေးလ်ပေးပို့ မေးမြန်းနိုင်ပါသည်။

## Lunch & Munch (Yoma F&B)

Stop by at any of the following F&B outlets to enjoy exclusive group employee discounts on all dine-in or take away purchases (excluding third party delivery services). Simply redeem with Yoma Connect verification or your respective entity employee access ID. Redeemable at all locations unless specified otherwise.

အောက်ဖော်ပြပါ F&B ဆိုင်တိုင်းတွင် ထိုင်စားခြင်း (သို့) ပါဆယ်ဝယ်ယူခြင်းများ (အခြားအပြင်အဖွဲ့မှပေးသည့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုမှတစ်ဆင့် ဝယ်ယူခြင်းများ မပါဝင်ပါ) အတွက် ဝန်ထမ်းလျှော့ဈေးများ စီစဉ်ထားရှိပါသည်။ ဆိုင်ခွဲတိုင်းတွင် Yoma Connect (သို့) သက်ဆိုင်ရာလုပ်ငန်းဌာန၏ ဝန်ထမ်းကဒ်ပြရန် လိုအပ်ပါသည်။

| | Auntie Anne's | locale. | Oscar Bistronomie | Pun Hlaing Estate | METRO |
|---|---|---|---|---|---|
| 15% off | 15% off | 15% off | 15% off<br>Awei Metta Hotel | 15% off<br>Oasis Bistro | 5% off<br>(only applicable via website) |

## Wheels & Deals (Yoma Auto)

Enjoy group-wide exclusive deals on vehicles, maintenance, parts, and servicing from our automotive brands. Special rates and plans for vehicle financing also available.

ကျွန်ုပ်တို့၏ မော်တော်ယာဉ်အမှတ်တံဆိပ်များမှ လုပ်ငန်းစုရှိ ဝန်ထမ်းအားလုံးအတွက် မော်တော်ယာဉ်နှင့် အပိုပစ္စည်းဝယ်ယူခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများအတွက် အထူးဈေးနှုန်းနှင့် မော်တော်ယာဉ်ဝယ်ရန် အထူးချေးငွေအစီအစဉ်များကို စီစဉ်ထားပါသည်။

- 5-10% off on vehicle purchasing
- 25,000 mmk labor rate for servicing
- 25,000 mmk labor rate for painting
- 10% discount on part purchasing

YOMA FLEET Novated Lease

- Rate of 11% pa *(instead of standard rates 15%)*
- Zero down payment *(instead of 40% regular auto loans)*
- Flexible terms and auto-payment plans

## Home Loans (Yoma Bank)

Finance your home purchase and enjoy special rates with the Yoma Bank Home Loan program. Eligible for all employee with group employment tenure of 2 years or more. Valid only for new residential properties.

YOMA BANK
The Responsible Bank.
7% pa
*(instead of standard rates 10%)*

အိမ်ဝယ်ယူမှုအတွက် ရိုးမဘဏ်၏ Home Loan အစီအစဉ်ဖြင့် အထူးအတိုးနှုန်းများ ရရှိနိုင်မှာဖြစ်ပါသည်။ လုပ်ငန်းစုအတွင်း ၂ နှစ်နှင့်အထက် လုပ်သက်ရှိ ဝန်ထမ်းများအတွက် အကျုံးဝင်ပါသည်။ နေအိမ်အသစ် ဝယ်ယူခြင်းများအတွက်သာ အကျုံးဝင်ပါသည်။

## Leisure & Wellness (Yoma Land)

Yoma employee discounts for your wellness of mind and body. Some offers extend to immediate family members as well.

စိတ်ခန္ဓာနှစ်ပါးလုံး ကျန်းမာပျော်ရွှင်စေရန်အတွက် ထားရှိသည့် အထူးဈေးနှုန်းများဖြစ်ပြီး အချို့ဈေးနှုန်းများသည် မိသားစုဝင်များအတွက်လည်း အကျုံးဝင်ပါသည်။

**Pun Hlaing Country Club**
- Individual Membership $143/ 6 mths
- Family Membership $285/ 6 mths

**Oasis Spa**
15% off on all spa and salon

**Pun Hlaing Golf Club**
50% off green fees

**Star City Facilities**
A2 gym, Kids Zone, Community pool 20% off

**Star City Golf Link**
20% off for green fees

## Learn-ED program

Enjoy tuition and certification fee reimbursements to further your education. Some offers eligible for immediate family members as well.

ပညာထပ်မံသင်ကြားမှုများအတွက် သင်တန်းခကို ပြန်လည်တောင်းခံနိုင်ပါသည်။ အချို့သော လျှော့ဈေးများသည် မိသားစုဝင်များအတွက်လည်း အကျုံးဝင်ပါသည်။

**Dulwich College**
50% off on tuition fees for immediate family; eligible for staff children and grand children

**Strategy First University**
Varies on course or certification

**Professional Development Reimbursement Program**
Varies on course or certification

## Referrals & Commissions

Earn referral fees and commissions upon employment verification and completion of sales variety of Yoma group and partner products such as recruitment and talent acquisition referral. Terms and conditions apply.

ဝန်ထမ်းအသစ် မိတ်ဆက်ပေးခြင်းများ၊ ရိုးမအုပ်စုနှင့် မိတ်ဖက်တို့၏ ကုန်ပစ္စည်းများကို အသိမိတ်ဆွေများနှင့် မိတ်ဆက်ပေးသူများသည် ဝန်ထမ်းအသစ်ခန့်အပ်မှုပြီးမြောက်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချပြီးသည်နှင့် တစ်ပြိုင်နက် ကော်မရှင်/အကျိုးဆောင်ခ ရရှိမှာဖြစ်ပါသည်။ စည်းကမ်းကန့်သတ်ချက်များ ရှိပါသည်။

**Mitsubishi Motors**
- $200 referral fee/ vehicle sold

**Yoma Heavy Equipment**
- 15% off on all spa and salon

**City Loft**
- Up to $1500 depending upon unit sold

## Yoma Childcare Program

Coming next, P2020 is looking to find a solution to support working parents. We hope to provide working parents with flexible childcare options and infant care. Are you interested in the Yoma Childcare program? **Complete this survey now.**

People 2020 စီမံကိန်းမှ Yoma Group ၏ သားသမီးရှိဝန်ထမ်းများအား အကောင်းဆုံး ထောက်ပံ့ပေးနိုင်မည့် နည်းလမ်းကိုရှာဖွေလျက်ရှိပါသည်။ နေ့ကလေးထိန်းဝန်ဆောင်မှုများနှင့် မွေးကင်းစကလေးစောင့်ရှောက်မှုများကို ရိုးမဝန်ထမ်းများ၏ ကလေးငယ်များအား ပေးသွားနိုင်ရန် မျှော်လင့်ထားပါသည်။ သင့်အနေနဲ့ ရိုးမ၏ နေ့ကလေးထိန်းအစီအစဉ်ကို စိတ်ဝင်စားပါက စစ်တမ်းမေးခွန်းများ ကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

ENTITIES HIGHLIGHTS


# Now 7 Days a Week. Hassle-free with Metro

With social distancing measures, the best option is to shop for groceries online. You can now order online with Metro and have it delivered from Monday to Sunday within 48 hours with no minimum spend.

All Yoma Employees has a 5% off on top of seasonal discounts after sign-up and purchase through METRO website.

လူအချင်းချင်း နီးကပ်စွာ နေထိုင်သွားလာခြင်းကို ရှောင်ကြဉ်နေချိန်တွင် အွန်လိုင်းမှ ဈေးဝယ်ထွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ Metro မှ တစ်ဆင့် အွန်လိုင်းမှ အနည်းဆုံးမှာယူရမည့် ငွေပမာဏ ကန့်သတ်မှုမရှိမှာယူကာ မှာယူပြီး ၄၈ နာရီအတွင်း တနလာ်နေ့မှ တနင်္ဂနွေနေ့အထိ ပို့ဆောင်ပေးနေပါပြီ။

ရိုးမဝန်ထမ်းများအနေဖြင့် Metro တွင် စာရင်းပေးသွင်းပြီး ပစ္စည်းမှာယူပါက ပုံမှန်ပရိုမိုးရှင်းများအပြင် ၅% ထပ်လျှော့ပေးမှာဖြစ်ပါသည်။







# Yoma Car Share Teams up with Wave Pay

Yoma Car Share has teamed up with Wave Pay for an easy and convenient payment option anywhere, anytime. On top of the previously accepted payment methods (Visa, MasterCard and JCB Credit and Debit cards), Wave Pay is now integrated as a new payment method.

Yoma Car Share aims to offer its services to a wider market. Rent your Yoma Fleet Car Share here now.

Yoma Car Share မှ ကားငှားရာတွင် အလွယ်တကူ ငွေပေးချေနိုင်ရန် Wave Pay နဲ့ လက်တွဲလိုက်ပြီဖြစ်ပါသည်။ ရှိရင်းစွဲ ငွေပေးချေမှု နည်းလမ်းများဖြစ်သည့် Visa, MasterCard နှင့် JCB Credit နှင့် Debit ကဒ်တို့အပြင် ယခုအခါ Wave Pay နှင့်လည်း ငွေပေးချေနိုင်မှာဖြစ်ပါသည်။

ဈေးကွက်အတွင်း ပိုမိုကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးသွားနိုင်ရန်ကို Yoma Car Share မှ မျှော်မှန်းထားပါသည်။ ဤလင့်ခ်သို့ ဝင်ရောက်၍ Yoma Fleet မှ ကားငှားရမ်းနိုင်ပါသည်။